


SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK




ချစ်သောအမျိုးသားလေးထံသို့ - စူးရှမေ

9 782024 000778

mgyoe.com

mgyoe.com

SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၇၇)

ပုံနှိပ်မှတ်တမ်း



# ချစ်သောအမျိုးသားလေးထံသို့

စူးရှမေ


ထုတ်ဝေသည့်အကြိမ် ♦ တတိယအကြိမ်၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ Citamin

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၆၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး
ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မြို့မြို့သန့်(မြို့မြို့ ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

စူးရှမေ
ချစ်သောအမျိုးသားလေးထံသို့/ စူးရှမေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၀၈၊ ၁၃. ၂၀ စင်တီ × ၁၈. ၂၀ စင်တီ
(၇၇) ချစ်သောအမျိုးသားလေးထံသို့


mgyoe.com

mgyoe.com SAMPLE BOOK

" ချစ်သော

အမျိုးသားလေး ထံသို့ "

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာစာ

လူတိုင်းရဲ့ ဘဝမှာ အချစ်ဦးဆိုတာ ရှိခဲ့ကြမယ် ထင်ပါတယ်။ ထို့နည်းတူပါပဲ အချစ်ဆုံးဆိုတဲ့ လူတစ်ယောက်ဟာလည်း သေချာပေါက်ကို ဘဝထဲမှာ ရှိကြမှာပါပဲ။ အဲဒီ အချစ်ဦးနဲ့ အချစ်ဆုံး တစ်ထပ်တည်းကျတဲ့ လူတစ်ယောက်ကိုလည်း ပိုင်ဆိုင်ခဲ့ကြဖူးမှာ အသေချာပါပဲ။

ကျွန်မရဲ့ ဘဝမှာလည်း အချစ်ဦးနဲ့ အချစ်ဆုံး တစ်ထပ်တည်း ကျခဲ့တဲ့ လူတစ်ယောက် ရှိခဲ့ပါတယ်။

အဲဒီလူကို တွေ့ရှိခဲ့ခြင်းကလည်း ကျွန်မဘဝရဲ့ အကောင်းဆုံး အစိတ်အပိုင်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒီစာအုပ်ကလေးဟာလည်း ထိုသူကို ရည်ရွယ်ပြီး ရေးခဲ့တဲ့ စာအုပ်ဖြစ်ပါတယ်။ ဒီစာအုပ်လေးက ထူးထူးခြားခြား အပြင်မှာပါ လက်ရေးမူ ရှိခဲ့ပြီးသား စာအုပ်တစ်အုပ်လည်း ဖြစ်ပါ တယ်။

ကျွန်မရဲ့ စာဖတ်သူတွေကတော့ အထူးအဆန်းဖြစ်နေကြမယ်လို့

mgyoe.com

m g y o e . c o m SAMPLE BOOK

ထင်ပါတယ်။ ကျွန်မက အချစ်အကြောင်းရေးတဲ့ စာရေးဆရာမမှ မဟုတ်တာ။ ဒီစာအုပ်က စာဖတ်သူတွေအတွက် ထူးဆန်းနေမှာ အသေချာပါပဲ။ ပုံမှန်ဆိုရင် ကျွန်မက ဘဝနဲ့ပတ်သက်လို့၊ စိတ်နဲ့ပတ်သက်လို့ စတဲ့ အကြောင်းအရာတွေကိုပဲ အဆိပ်အတောက် မပါစွာနဲ့ ရေးခဲ့ပါတယ်။ ဒီစာအုပ်လေးကတော့ ကျွန်မရဲ့ စာရေးဆရာဘဝမှာ ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ် ရေးတဲ့ တစ်အုပ်တည်းသော အချစ်နဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ မှတ်မှတ်ရရ အမှတ်တရ ရက်စွဲတစ်ခုအနေနဲ့ ရေးသားထုတ်ဝေဖြစ်တဲ့ စာအုပ်လည်း ဖြစ်ပါတယ်။

ကျွန်မ အပေါ်မှာပြောခဲ့တဲ့အတိုင်း ဒီစာအုပ်ဟာ လက်ရေးမူရှိခဲ့ပြီးသား စာအုပ်တစ်အုပ် ဖြစ်တယ်။ အတွင်းက ပန်းချီလေးတွေဟာလည်း ကျွန်မကိုယ်တိုင် ဆွဲခဲ့တဲ့ ပုံတွေ ဖြစ်ပါတယ်။ တစ်ခုမေတ္တာရပ်ခံချင်တာက ကျွန်မဟာ ကဗျာဆရာ မဟုတ်သလို၊ ပန်းချီဆရာလည်း မဟုတ်ပါဘူး။ ကျွန်မရဲ့ ခံစားချက်အတိုင်း စိတ်လွတ်လက်လွတ် ဖော်ပြထားတဲ့ ကဗျာအက်ဆေးလေးတွေနဲ့ ပန်းချီလေးတွေ ဖြစ်ပါတယ်။ ကြည်နူးမှုတွေ ပါသလို၊ ကျွန်မရဲ့ နာကျင်မှုတွေလည်း ပါပါတယ်။ ဒါကြောင့် လိုအပ်ချက် တစ်စုံတစ်ရာ ရှိခဲ့မယ်ဆိုရင်လည်း နားလည်ပေးစေလိုပါတယ်။

ကျွန်မဘဝမှာ ချစ်ခြင်းမေတ္တာကို ဘယ်လိုနားလည် သင်ယူစေခဲ့သလဲ၊ အချစ်နဲ့အတူ ဘယ်လို ရင့်ကျက် ကြီးပြင်းခဲ့သလဲ ဆိုတာတွေကို ဒီစာအုပ်လေးကနေ တစ်ဆင့် စာဖတ်သူတွေ ရိပ်မိလောက်ပါလိမ့်မယ်။ ဒီစာအုပ်လေးကိုတော့ အရင်လို ဘယ်လိုဖတ်ပါ၊ ဘယ်ပုံဖတ်ပါဆိုပြီး မမှာတော့ပါဘူး။ နှလုံးသားနဲ့ ခံစားပြီး ဖတ်ပေးပါလို့ပဲ ပြောပါရစေရှင်။

နောက်ဆုံးအနေနဲ့ ဘဝမှာ ချစ်ခြင်းမေတ္တာတွေကို ခံစား နားလည်တတ်စေခဲ့တဲ့၊ ကောင်းမွန်တဲ့ အမှတ်တရတွေနဲ့ ဘဝကို အဓိပ္ပာယ်ရှိစေခဲ့တဲ့ အမျိုးသားလေးကို ကျေးဇူးတင် အသိအမှတ်ပြုရင်းပဲ အမှာစကားလေးကို

mgyoe.com

mgyoe.com
SAMPLE BOOK

အဆုံးသတ်ပါရစေရှင်။

ချစ်သော အမျိုးသားလေးရေ...

တကယ့်ကို အမြဲ အရိပ်တကြည့်ကြည့်နဲ့ မြတ်နိုးခဲ့ရတာကို သိတယ်မလား။ ရှင်သန်ခဲ့တဲ့ နှစ်ဆယ်ကျော်ကာလတွေမှာ ပထမဆုံးအနေနဲ့ မြတ်နိုးခဲ့ရတဲ့ အမျိုးသားလေးအတွက် ချစ်ခြင်းမေတ္တာတွေကို ဒီစာအုပ်ထဲမှာ ရှာတွေ့နိုင်ပါတယ်။

ပို့ဆောင်လိုက်သမျှ ချစ်ခြင်းမေတ္တာတိုင်းကို မပျောက်မပျက် အတိအကျ ရရှိပါစေကွယ်...

ချစ်ခြင်းမေတ္တာဖြင့်

စူးရှမေ

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ၁. ကောက်ရိုးတစ်မျှင်...

—

စိတ်တွေ သိပ်ကို ပင်ပန်းလာတဲ့အခါ၊
အထူးသဖြင့်တော့ ကိုယ့်ကိုယ်ကိုယ်
လက်လျှော့လိုက်ချင်မိတဲ့ အခိုက်အတန့်တွေမှာ
ကောက်ရိုးတစ်မျှင်ကို အမြဲ လိုက်ရှာဖြစ်တယ်။

ကောက်ရိုးတစ်မျှင်ဟာလည်း မျှော်လင့်ချက်ပါပဲ။

ငါချစ်တဲ့ လူတစ်ယောက်လည်း ဖြစ်နိုင်တယ်။
ဆွဲလက်စ ပန်းချီကား၊ သောက်လက်စ ကော်ဖီတစ်ခွက်နဲ့
ရေးလက်စ စာတစ်ပုဒ်လည်း ဖြစ်နိုင်တယ်။
တစ်ခါတလေမှာ အမှတ်တရ တချို့နဲ့
ဒဏ်ရာတွေလဲ ဖြစ်နိုင်တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ကောက်ရိုးတစ်မျှင် ဆိုပေမဲ့
အဓိပ္ပာယ်တွေ အများကြီး ရှိတယ်။
ရှေ့ဆက် ရှင်သန်စေဖို့ ရွေးချယ်စေခဲ့တဲ့
အကြောင်းတရားတွေလေ။
သေးသေးမွှားမွှားကစလို့ ကြီးကြီးမားမား
အကြောင်းတရားတွေအထိ ငါ့မှာ ကျေးဇူးတင်ရပြန်တယ်။

သူ့ဘာသာသူ မိုတ်တုတ်မိုတ်တုတ်နဲ့
လင်းလက် တောက်ပနေတဲ့ ကြယ်ကလေးတစ်စင်းက
ငါ့ဘဝကြီးကို ကယ်တင်ခဲ့တာလို့ ပြောရင်
လူတွေ ရယ်ကြမလား မသိဘူး။
မတတ်နိုင်ဘူး အဲဒါဟာ အမှန်တရားပဲ။

ကောက်ရိုးတစ်မျှင်အဖြစ်နဲ့
ငါ ဖမ်းဆွဲခဲ့တဲ့ ကြယ်ကလေးဟာ ဟိုးအဝေးမှာ ဆိုပေမဲ့
ကြယ်ကလေး ကောင်းကောင်း တောက်ပနေတာကို
မော့ကြည့်ရင်းနဲ့ပဲ ဆက်ပြီး အသက်ရှင်ဖြစ်ခဲ့ပါတယ်။

တာဝန်တွေ၊ ဝတ္တရားတွေကြောင့် မဟုတ်ပါဘူး။
ငါကိုယ်တိုင် လိုလိုလားလား
ဆက်လက် ရှင်သန်လိုခြင်းတွေပေါ့။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ၂။ ကြယ်ကလေးနှင့် တွေ့ရှိခြင်း

လွန်ခဲ့သော ၂၈ နှစ်ခန့်၊ ၁၉၉၆ ခုနှစ် ကြာသပတေးနေ့ရဲ့ ကောင်းကင်ပြာပြာမှာ ကြယ်ကလေး တစ်စင်း ဖြစ်တည်ခဲ့တယ်။

အဲဒီ ကြယ်လေးဟာ ကျွန်မနဲ့ သိပ်ကို အလှမ်းဝေးခဲ့သော ကြယ်ကလေးပါပဲ။

ကြယ်ကလေး ဖြစ်တည်ပြီးနောက် နှစ်အနည်းငယ်အကြာမှာမှ လူ့လောကထဲကို ကျွန်မ ရောက်လာခဲ့တယ်။ လူမှန်းသိတတ်စ အရွယ်မှာ ကတည်းက ပျော်ရင်ဖြစ်စေ၊ ဝမ်းနည်းရင်ဖြစ်စေ ကောင်းကင်ပေါ်ကို ငေးမော ကြည့်နေတတ်တယ်လို့ အမေက ပြောတယ်။ လူဝင်စားတွေ ဘာတွေများ ဖြစ်နေမလား ဆိုပြီးတောင် လျှောက်တွေးခဲ့ရသေးတယ်လို့ ပြောပါသေးတယ်။ တကယ်တော့ ကျွန်မ လူဝင်စားလည်း မဟုတ်ပါဘူး။ ဒီအတိုင်းပဲ နေ့အခါမှာ ကောင်းကင်တွေ၊ တိမ်တွေ၊ ညအခါမှာ ကြယ်တွေကို မော့ကြည့်နေရတာကို သဘောကျနှစ်သက်တဲ့ သူတစ်ယောက်ပါပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်မ စိတ်ပျော်နေရင်လည်း ကောင်းကင်ပေါ်က တိမ်တွေကို ကြည့်ပြီး ပျော်နေတတ်တာပဲ။ စိတ်မပျော်တဲ့ အခါတွေမှာလည်း ကြယ်တွေကို ကြည့်ပြီး ဆုတောင်းနေတတ်တာပဲ။

ကျွန်မ ငယ်ငယ်ကတည်းက ကြယ်တွေ မျိုးစုံမြင်တွေ့ခဲ့ဖူးပေမဲ့ အလင်းလက် အတောက်ပဆုံးသော ကြယ်ကလေးကိုတော့ ကျွန်မအသက် ၂၀ စွန်းစွန်းမှသာ စပြီး မြင်ဖူးခဲ့တယ်။

အဲဒီကြယ်ကလေးဟာ ဂူဝ်ကြယ်လောက်လည်း မကြီးကျယ်ပါဘူး။ အနေအေးအေး၊ ခပ်သေးသေး ကြယ်ကလေးတစ်လုံးဆိုပေမဲ့ သိပ်ကို ခမ်းနားတာပဲ။ ညခင်း ပြာပြာ ကောင်းကင်ကြီးမှာ လင်းလက်နေပုံက အခြားကြယ်တွေနဲ့လည်း မတူဘူး။ အားလုံးထဲမှာမှ အတောက်ပဆုံး ကြယ်ကလေးပါပဲ။

ဒီလိုနဲ့ ကြယ်ကလေးဟာ ကျွန်မရဲ့ ဘဝအပေါ် တဖြည်းဖြည်း လွှမ်းမိုးလာခဲ့တယ်။ ညစဉ် ညတိုင်း ကြယ်ကလေးကို ထွက်မကြည့်ရရင် ကျွန်မ မနေနိုင်ခဲ့ဘူး။ တိမ်တွေဖုံးလို့ ကြယ်တွေ မထွက်တဲ့ ညဆိုရင် တကယ်ပါ ကျွန်မ နေမထိထိုင်မသာတွေ ဖြစ်ရတယ်။ နေ့ဘက်ဆိုလည်း နေ့ဘက်မို့လို့ ကြယ်ကလေး အကြောင်းပဲ စဉ်းစားနေမိတာပါပဲ။

ကျွန်မဘဝရဲ့ မှောင်မိုက်တဲ့ ညတွေမှာ ကြယ်ကလေးဟာ တည်ရှိခဲ့တယ်။ သူ့ရဲ့ မှိတ်တုတ် မှိတ်တုတ် အလင်းရောင်လေးဟာ အမှောင်ကိုခွင်းပြီး အလင်းကို ဆောင်စေခဲ့တယ်။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေမလို့ လုပ်နေမိခဲ့တဲ့ ညမှာ ကြယ်ကလေးကို မော့ကြည့်ရင်း အသက်ဆက်ရှင် ဖြစ်ခဲ့တယ်။

ကြယ်ကလေးကို ငေးမောကြည့်ရင်း ချစ်ခြင်းမေတ္တာဆိုတာ ဒါပါ လား၊ သည်းခံ ခွင့်လွှတ်ခြင်းဆိုတာ ဒါပါလားလို့ သင်ယူတတ်ခဲ့တယ်။ သတိထားမိသလောက်တော့ အရင်ကထက် ကျွန်မ ပျော်ရွှင်တတ်လာခဲ့တယ်။ ရှင်သန်ခြင်းဟာ အသက်ဝင်လာခဲ့တယ်။ ပိုပြီး နူးညံ့တတ်လာခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK
အဲ့ဒါတွေ အားလုံးဟာ ကြယ်ကလေးကို ငေးကြည့်ရင်း သူပေးတဲ့ အလင်းရောင်နဲ့ အသက်ဆက်ခဲ့ရတဲ့ ကျွန်မရဲ့ နာကျင်ရက်စွဲများပါပဲ။

ကျွန်မလေ ကြယ်ကလေးကို သိပ်ချစ်ပါတယ်။ မြတ်နိုးပါတယ်လို့ ပြောရရင် ပိုမှန်ပါလိမ့်မယ်။

သိပ်ကို ချစ်ပြီး မြတ်နိုးလာတာနဲ့အမျှ ဆုံးရှုံးရမှာ ကြောက်တတ်လာခဲ့တယ်။ မှန်ပါတယ် ကျွန်မရဲ့ ချစ်ခြင်းတွေမှာ အတ္တ မကင်းသေးပါဘူး။ ကြယ်ကလေးကို ကျွန်မ ပိုင်ဆိုင်ချင်တယ်။ ပိုင်ဆိုင်ခွင့် မရရင်တောင်မှ အမြဲ ငေးမော ကြည့်ခွင့် ရချင်တယ်။ ငေးကြည့်ခွင့် ရမဲ့သူကလည်း ကျွန်မ တစ်ယောက်တည်းပဲ ဖြစ်ချင်တယ်။ ဘယ်လောက်တောင် အတ္တကြီးလိုက်သလဲလို့ ကျွန်မကိုယ်ကျွန်မ အပြစ်တွေ ခဏခဏ ထိုင်တင်ပါသေးတယ်။ ဒါပေမဲ့လည်း မတတ်နိုင်ဘူး။ ကျွန်မ ခံစားချက်တွေကို ဘဝမှာ ပထမဆုံး အနေနဲ့ ရိုးသားကြည့်တာပါ။

တစ်ခါတလေ ကျွန်မ သိပ်ကို သိမ်ငယ်တာပဲ။

ကြယ်ကလေးဟာ အလှမ်းဝေးလွန်းတာက တစ်ကြောင်းရယ်၊ ကျွန်မရဲ့ ချစ်မြတ်နိုးမှုတွေအတွက် ကြယ်ကလေးမှာ ပေးစရာ နေရာ မရှိတဲ့ အတွက်ရယ်၊ နောက်တစ်ခုက ဣဿာမစ္ဆရိယနွယ်နေတဲ့ ကျွန်မရဲ့ အတ္တစိတ်ကြောင့်ပါပဲ။ ကြယ်ကလေးကို တခြားလူတွေ ပိုင်ဆိုင်သွားမှာ ကျွန်မ ကြောက်ပါတယ်။

အဲဒီစိတ်တွေနဲ့ တော်တော်များများ ညတွေမှာ ရင်တွေ ပူပြီး အိပ်မပျော်ခဲ့တာ များတယ်။ အိပ်မပျော်တဲ့ ညတွေမှာ အိမ်အပေါ်ထပ်တက်ပြီး ကောင်းကင်ကြီးကို မော့ကြည့်တယ်။ ကြယ်ကလေးနဲ့အတူ တခြားကြယ်တွေကိုလည်း မြင်ပါတယ်။ ခဏနေတော့ မျက်ဝန်းအိမ်ဟာ မျက်ရည်တွေနဲ့ ပြည့်လာပြီး ကြယ်တွေကိုလည်း သေချာမမြင်ရတော့ဘူး။ အဲ့ဒီအချိန်မှာ အသံတစ်ခုကို ကြားလိုက်ရတယ်။ မိုးငုပ်ကနေ လေအဟုန်နဲ့အတူ ဆင်း

mgyoe.com

mgyoe.com
SAMPLE BOOK

သက်လာတဲ့ အသံလိုမျိုးပဲ။ တည်တည်ငြိမ်ငြိမ် သက်ဆင်းလာတဲ့ အရာတစ်ခုရဲ့အသံပါပဲ။ ကျွန်မစိတ်ထဲ ကြယ်ကြွေတာလားလို့တောင် တွေးမိသေးတယ်။

တအောင့်နေတော့ အဲဒီအရာဟာ ကျွန်မဘေးမှာ လာထိုင်တယ်။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပပြီး မြင့်မြတ်တဲ့ အသွင်ရှိတဲ့ အသက်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးပါပဲ။ သူဘယ်သူလဲတော့ ကျွန်မ မသိပါဘူး။ ကျွန်မက တိတ်တဆိတ် စိုက်ကြည့်မိတော့ ထိုပုဂ္ဂိုလ်ကပဲ ဦးစွာ မိတ်ဆက်လာပါတယ်။

"မင်္ဂလာပါ မိန်းကလေးရေ" တဲ့။

ကျွန်မ ဘာစကားမှ ပြန်မပြောနိုင်သေးဘဲ ကြောင်အမ်းအမ်းလေး ဆက်ကြည့်နေမိတယ်။

"ကျုပ်က မိန်းကလေး အမြဲ မော့မော့ကြည့်နေတဲ့ ဟိုးကောင်းကင် ပေါ်က လာတာပါ။ မိန်းကလေးကတော့ ကျုပ်ကို မသိပေမဲ့ ကျုပ်ကတော့ မိန်းကလေးကို သိနေပါတယ်"

"ရှင်"

"မအံ့ဩပါနဲ့ကွယ်။ ကျုပ်က ကောင်းကင်နတ်ဘုရားပါ။ မိန်းကလေး အမြဲ ငေးကြည့်နေတဲ့ တိမ်တွေ၊ ကြယ်တွေရဲ့ ဖန်ဆင်းရှင်ဆိုလည်း မမှားဘူးပေါ့"

ကျွန်မ သိပ်ကို ဝမ်းသာသွားတယ်။ ဘာကြောင့်မှန်းမသိ အားကိုးအားထားပြုစရာ တစ်ခုခု ရလိုက်သလိုပဲ။

"နတ်ဘုရားကို မြင်တော့ ကျွန်မရဲ့ အဘိုးကိုတောင် သတိရမိတယ်။ အဘိုးလို့ပဲ ခေါ်မယ်နော်"

"မိန်းကလေး သဘောပါ။ ကြိုက်နှစ်သက်သလို ခေါ်နိုင်ပါတယ်"

"အဘိုးက ကောင်းကင်နတ်ဘုရားဆိုတော့ ကြယ်တွေကိုလည်း အုပ်ချုပ်တာပေါ့နော်။ ဟိုးမှာ မြင်နေရတဲ့ ကြယ်ကလေးကို သိလားဟင်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မရဲ့ ကြယ်ကလေးဆီသို့ လက်ညှိုးထိုးပြလိုက်တယ်။

အဘိုးအို နတ်ဘုရားက တခစ်ခစ် ရယ်တယ်။ သဘောကျပြီး ရယ်ဟန်တူပါတယ်။

"ကျုပ်အုပ်ချုပ်ရတဲ့ ကောင်းကင်တစ်ခွင်မှာ ကျုပ်မသိတဲ့ ကြယ် ဆိုတာ ရှိပါ့မလား ကလေးမရဲ့။ သိတာပေါ့။ သိပ်သိတာပေါ့ ကလေးမရဲ့ ကြယ်ကလေးကို"

"ကျွန်မရဲ့ ကြယ်ကလေး... ဟုတ်လား"

"ဟုတ်တယ်လေ မိန်းကလေးပဲ အဲဒီကြယ်ကလေးကို အမြဲ ငေးကြည့်နေခဲ့တာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မ ပိုင်ဆိုင်ရသေးတာမှ မဟုတ်တာ။ ကျွန်မရဲ့ ကြယ်လို့ ခေါ်ဖို့မတပ်ဝင့်ပါဘူး"

အဘိုးအိုရဲ့ သက်ပြင်း အရှည်ကြီး ချတဲ့အသံကို ကြားလိုက်တယ်။ ကျွန်မလည်း စိတ်လက်ညည်းညူစွာနဲ့ သက်ပြင်းလိုက်ချမိတယ်။

"ကျုပ်မေးတာတွေ မှန်မှန်ဖြေမလား မိန်းကလေး"

"ဟုတ်ကဲ့ ဖြေပါ့မယ်"

"ကောင်းပြီ။ မိန်းကလေးက ဘာဖြစ်လို့ အဲဒီကြယ်ကလေးကို ချစ်မြတ်နိုးရတာလဲ"

ရုတ်တရက် ကျွန်မ ဘာဖြေရမှန်း မသိခဲ့ဘူး။ ဖြေစရာတွေ များနေ လွန်းလို့လည်း ဖြစ်နိုင်ပါတယ်။

"ကျွန်မရဲ့ ဘဝမှာ ကြယ်တွေ အများကြီး မြင်တွေ့ခဲ့ပြီးပါပြီ။ ဒါပေမဲ့ ကြယ်ကလေးက အနူးညံ့ဆုံးနဲ့ အတောက်ပဆုံးပဲ။ ကျွန်မ သေချင်လောက် အောင် စိတ်ဓာတ်ကျနေတဲ့ နေ့ရက်တွေမှာ ကြယ်ကလေးကြောင့်သာ ရှင်သန်နိုင်ခဲ့တာ။ သူ့ရဲ့ အလင်းရောင်လေးကြောင့်သာ ကျွန်မ ဘဝရဲ့ နေ့ရက် တွေက ပိုပြီး အဓိပ္ပာယ်ရှိလာခဲ့တာပါ"

mgyoe.com

mgyoe.com SAMPLE BOOK

"ကြယ်ကလေးက သူ့ဟာသူ ကောင်းကင်မှာ နေနေတာလေ။ မိန်းကလေးကို တကူးတက ဘာမှ လုပ်ပေးခဲ့တာမှ မဟုတ်တာ"

"ဟုတ်ပါတယ်။ ကြယ်ကလေးက ကျွန်မအချစ်တွေကိုတောင် သိချင်မှ သိမှာပါ။ ကျွန်မကပဲ သူမသိအောင် သူ့ကို သဘောကျနေခဲ့ရတာ မို့လို့လေ"

အဘိုးအိုက သက်ပြင်းတွေ ထပ်ချပြန်တယ်။

"ဒါဆိုရင် မိန်းကလေးရဲ့ ဘဝက ကြယ်ကလေးကြောင့် ပြန်ပြီး ရှင်သန်လာခဲ့တာပေါ့"

"ဟုတ်ပါတယ်"

"ကျုပ်တစ်ခုမေးမယ်နော်။ ကြယ်ကလေးကို မိန်းကလေးရဲ့ ကိုယ်ကျိုးအတွက် ချစ်တာလား"

"ဘာ ရှင့်"

ကျွန်မ သိပ်ကို စိတ်တိုသွားပါတယ်။ အဘိုးအိုရဲ့ မေးခွန်းဟာ ကျွန်မရဲ့ ကိုယ့်ကျင့်တရားကို မထိတထိ လာစမ်းလိုက်တဲ့ သဘောပါပဲ။

"မဟုတ်ဘူးလေ။ နားလည်မှုမလွဲပါနဲ့။ ကျုပ်မေးချင်တာက ကြယ်ကလေးကြောင့် မိန်းကလေးဘဝက ရှင်သန်နေတာဆိုတော့ အဲ့ဒီအရာကြောင့် ချစ်တာလားလို့ မေးတာပါ"

"မဟုတ်ပါဘူး။ ကြယ်ကလေးကို ကျွန်မ ကျေးဇူးတင်တာပါ။ ကျွန်မရဲ့ ဘဝလေးကို ရှင်သန်စေခဲ့လို့ ကြယ်ကလေးကို ကျွန်မ ကျေးဇူး အမြဲတင်နေတာပါ။ ဒါပေမဲ့ အဲဒါကြောင့် ကြယ်ကလေးကို ချစ်တာ မဟုတ်ပါဘူး"

"ကျွန်မက ကြယ်ကလေးရဲ့ ဖြစ်တည်မှုကို ချစ်တာပါ။ ကြယ်ကလေး ကိုလေ အမြဲတမ်း လင်းလက်စေချင်တယ်။ တောက်ပစေချင်တယ်။ အလိ အခိုက်တွေ ကင်းဝေးစေချင်တယ်။ အမြဲ ပျော်ရွှင်စေချင်တယ်။ ကောင်းကင်

mgyoe.com

mgyoe.com SAMPLE BOOK

ပြာပြာပေါ်မှာ အမြဲတမ်း တင့်တင့်တယ်တယ်လေး ရှိနေစေချင်တယ်။ ဒါကျွန်မရဲ့ ဆန္ဒပါပဲ"

အဘိုးအိုက တစ်ချက်ပြုံးလိုက်တယ်။

"မိန်းကလေးက သိပ်ချစ်တတ်တာပဲ"

ကျွန်မ ခေါင်းငိုက်စိုက်ကျပြီး ငိုင်သွားတယ်။

"ဘာဖြစ်လို့လဲ"

"ကျွန်မမှာ ပြဿနာတစ်ခု ရှိနေတယ်"

"ဘာများလဲ"

"ကြယ်ကလေးအပေါ် ကျွန်မရဲ့ မျှော်လင့်ချက်တွေဟာ နည်းပါတယ်။ သူပျော်နေတာကိုပဲ မြင်ချင်တာပါ။ ဒါပေမဲ့ ကျွန်မရဲ့ ရင်ထဲမှာ ဆန္ဒတစ်ခုရဲ့ နှိပ်စက်မှုကို ကျွန်မ ခံနေရတယ်"

"ဘာဆန္ဒလဲ မိန်းကလေး"

"ကျွန်မ ကြယ်ကလေးကို သိပ်ချစ်လို့ ကျွန်မ ပိုင်ဆိုင်ချင်မိတယ်။ အဲဒီဆန္ဒကြောင့် ကျွန်မ ရင်တွေ ပူလောင်နေရပါတယ်"

ပြောရင်းဆိုရင်းနဲ့ ကျွန်မ မျက်ရည်တွေ ထိန်းမရအောင် ကျဆင်းလာတယ်။ မျိုသိပ်ထားသမျှ အကုန်ဖွင့်ပြောလိုက်ရသလိုမျိုး ချုံးပွဲချ ထိုင်ငိုမိတယ်။

"မငိုပါနဲ့ မိန်းကလေးရယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်မတင်ပါနဲ့။ ချစ်မှတော့ ပိုင်ဆိုင်ချင်မိတာ လူတိုင်းရဲ့ ဆန္ဒပေါ့။ အခုလို မိန်းကလေးရဲ့ ရင်ထဲက ခံစားချက်တွေကို ရိုးသားတာ ကောင်းတယ်။ မငိုနဲ့ မငိုနဲ့"

ကျွန်မတို့ နှစ်ယောက် ထိုင်ပြီး စကားပြောနေကြတာ ညတောင် တော်တော်နက်နေပြီ။ ညကနက်လာတော့ ရာသီဥတုကလည်း အေးလာတယ်။ ဟိုးကောင်းကင်ပေါ်မှာ ကြယ်ကလေးကလည်း ပိုပြီး တောက်ပလာတယ်။

"မိန်းကလေး အနေနဲ့ ကိုယ့်မေတ္တာ ကိုယ်ယုံသင့်တယ်လို့ ကျုပ်

mgyoe.com

mgyoe.com
SAMPLE BOOK

ထင်တယ်"

အဘိုးအိုက ကြင်နာစွာ ပြောပါတယ်။

"တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာက သိပ်ကို အေးချမ်းတဲ့ အရာလေ။ ဒါပေမဲ့ လူတွေဟာ ဒီ ချစ်ခြင်းကြောင့်ပဲ ပူလောင်ရတယ်။ ဒီချစ်ခြင်းကြောင့်ပဲ သောကရောက်ရတယ်။ ဘာလို့လဲဆိုတော့ ချစ်ခြင်းဟာ ပူလောင်ပြီး မေတ္တာကတော့ အေးချမ်းတဲ့ သဘောကို ဆောင်လို့ပဲ မိန်းကလေး"

"ချစ်ခြင်းဟာ ပိုင်ဆိုင်လိုတဲ့ ဆန္ဒတွေ ရှိတယ်။ ချစ်မှတော့ ပိုင်ဆိုင်ချင်လာတယ်။ ဆုံးရှုံးရမှာကြောက်လာတယ်။ ပိုင်ဆိုင်ပြီးတဲ့နောက်မှာလည်း ကိုယ့်ပိုင်ဆိုင်ထားတဲ့ အရာလေး သူတစ်ပါးလက်ထဲ ရောက်သွားမှာ ကြောက်လာတတ်တယ်။ ဒါဟာ ချစ်ခြင်းပေါ့။ အတ္တမကင်းသေးတဲ့ ချစ်ခြင်းတွေပေါ့ မိန်းကလေးရယ်။ မေတ္တာဆိုတဲ့ အရာလေးကတော့ မျှော်လင့်ချက်တွေ မပါဘဲ ကိုယ်ချစ်ရတဲ့သူကို ကောင်းကျိုးပေးလိုခြင်းပဲ။ ရယူခြင်းရယ်၊ ပေးဆပ်ခြင်းရယ်လို့ မတွေးဘဲ ကိုယ်ချစ်တဲ့သူလေး ပျော်ရွှင်စေဖို့၊ အဆင်ပြေစေဖို့သာ မျှော်လင့်တာဟာ မေတ္တာပေါ့"

အဘိုးအို ပြောတဲ့ စကားတွေကို နားထောင်ပြီး ကျွန်မစိတ်ကလေး ငြိမ်ကျသွားတယ်။

"ကျွန်မရဲ့ ချစ်ခြင်းတွေမှာ အတ္တမကင်းသေးတာတော့ ဝန်ခံပါတယ်။ အဲ့အတွက်လည်း..."

ကျွန်မစကား မဆုံးခင်မှာ အဘိုးက စကားဖြတ်ပြောတယ်။

"ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မလို့မလား။ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့ မိန်းကလေး။ ကျုပ်က သဘောသဘာဝတွေကို ပြောပြနေတာ။ မိန်းကလေးဟာ သာမန် ပုထုဇဉ် လူသားတစ်ယောက်ပဲဟာ။ အတ္တကတော့ အနည်းနဲ့ အများတော့ ရှိမှာပဲ။ အဲ့ဒီအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK

မလိုပါဘူး"

"အရေးကြီးတာက မိန်းကလေးရဲ့ စိတ်ကလေး အေးချမ်းအောင် ကျေပ်ပြောပြချင်တာ။ ကြွယ်ကလေးကို ပိုင်ဆိုင်ချင်တဲ့စိတ်၊ ဆုံးရှုံးရမှာ ကြောက်တဲ့စိတ်နဲ့ ကြွယ်ကလေးရဲ့ ကောင်းကျိုးကို လိုလားတဲ့စိတ် ဘယ် အရာက မိန်းကလေးအတွက် ပိုမယ်ထင်လဲ"

ကျွန်မ မဆိုင်းမတွပဲ ပြန်ဖြေလိုက်ပါတယ်။

"ကြွယ်ကလေးရဲ့ ကောင်းကျိုးကိုပဲ ကျွန်မ အမြဲ လိုချင်တာပါ။ ကြွယ်ကလေးသာ ပျော်နေမယ်ဆိုရင် ကျွန်မရဲ့ အတ္တတွေကိုလည်း မျိုသိပ် နိုင်ပါတယ်"

အဘိုးအိုက ကျေနပ်သွားဟန်နဲ့ ပြုံးပါတယ်။

"ဒါပဲပေါ့ မိန်းကလေးရဲ့။ ကိုယ့်ရဲ့ အတ္တထက် မေတ္တာဟာ ပိုသာ သွားတဲ့အခါ အတ္တကို အနိုင်ယူလိုက်နိုင်တာပဲ။ ချစ်ခြင်းနေရာမှာ မေတ္တာ ဝင်လာတဲ့အခါ၊ အမုန်းတရားတွေအစား ခွင့်လွှတ်ခြင်းက နေရာယူနိုင်တဲ့အခါ၊ ဒေါသတွေအစား ကျေးဇူးတရားတွေ ချီးမွမ်းနိုင်လာတဲ့အခါ ငါတို့တွေရဲ့ နှလုံးသားလေးဟာ ငြိမ်းချမ်းသွားတာပဲလေ"

ဒီတစ်ခါလည်း ကျွန်မ မျက်ရည်တွေ ကျလာပြန်ပါတယ်။ ပူလောင် မျက်ရည်တော့ မဟုတ်ဘဲ ရင်ထဲက အပူလုံးကြီးကို ရှင်းထုတ်နိုင်ခဲ့လို့ ကျဆင်း လာတဲ့ ဝမ်းသာမျက်ရည် ဖြစ်ပါတယ်။ ကျွန်မ ဘာဆက်လုပ်ရမလဲဆိုတာကို ကျွန်မ သေချာသိသွားသလို၊ ကြွယ်ကလေးနဲ့ ပတ်သက်လို့ အတ္တဆန်တဲ့ မျှော်လင့်ချက်တွေကို လွှတ်ချနိုင်ခဲ့လို့ ကျဆင်းလာတဲ့ မျက်ရည်တွေသာ ဖြစ်ပါတယ်။

"အဘိုးကို ကျွန်မ ကျေးဇူးတင်ပါတယ်။ အခုလို ကျွန်မရဲ့ စိတ်တွေ ကို အေးချမ်းအောင် လုပ်ပေးလို့ တကယ်ကို ကျေးဇူးတင်ပါတယ်"

အဘိုးအိုက နွေးထွေးစွာနဲ့ ပြုံးပြတယ်။

mgyoe.com

mgyoe."ကျေးဇူးတင်စရာ မလိုပါဘူးကွယ်။ ဘုရားသခင်တွေ၊ နတ်ဘုရားတွေ၊ အစောင့်အရှောက်တွေဟာ လောက လူသားတွေကို ပစ်မထားကြပါဘူး မိန်းကလေးရဲ့။ လူသားတစ်ယောက်ရဲ့ ရင်ထဲက ဆန္ဒတွေ၊ အသံတွေ ပြင်းထန်တဲ့အခါ အဲဒီအသံကို မျက်စိနဲ့ မမြင်နိုင်တဲ့ ဖြစ်တည်မှုတွေက ကြားနိုင်ကြပါတယ်။ ကျုပ်တို့က အမြဲစောင့်ရှောက်နေကြပါတယ်"

အဘိုးအိုက ကျွန်မရဲ့ ခေါင်းလေးကို အသာအယာလာပြီး ပုတ်ပါတယ်။ အဘိုးတစ်ယောက်က မြေးမလေးကို နှစ်သိမ့်တဲ့ မေတ္တာဓာတ်ကို အပြည့်အဝ ခံစားလိုက်ရတယ်။

"ကဲ မိန်းကလေးရဲ့ ရင်ထဲက အပူတွေလည်း ရှင်းပြီလို့ ထင်တယ်။ ကျုပ်လည်း သွားဦးမယ်"

ကျွန်မကို ပြုံးပြီး နှုတ်ဆက်တယ်။

"ဟုတ် တန်ဖိုးရှိတဲ့ အဆုံးအမတွေအတွက် ကျေးဇူးတင်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်မ တစ်ခုလောက် အကူညီတောင်းချင်လို့ပါ"

"ပြောပါ"

"အဘိုး ကောင်းကင်ပေါ်ကို ပြန်သွားတဲ့အခါ ကျွန်မ ကြယ်ကလေးကို သိပ်ချစ်ကြောင်း၊ သိပ်မြတ်နိုးကြောင်းလေးတော့ သူသိအောင် ပြောပြပေးလို့ ရမလား။ အဘိုးအတွက် အပန်းမကြီးဘူး ဆိုရင်ပေါ့"

အဘိုးအိုက ဟက်ဟက်ပက်ပက် ရယ်ပြန်တယ်။

"အပန်းမကြီးပါဘူးကွ။ သေချာပေါက်ကို ကျုပ်ပြောလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

အဘိုးအိုက ထိုင်နေရာကနေ ထပြီး သူပြန်ကို တော့ဖို့အတွက် ပြင်ဆင်နေတယ်။

"ကဲ ကျုပ်သွားပြီ မိန်းကလေးရေ"

ကျွန်မကို အပြုံးနဲ့ အတူ နှုတ်ဆက်တယ်။ ပြီးမှ တစ်ခုခု သတိရဟန်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ကိုလှည့်ပြီး ပြောတယ်။

"မိန်းကလေး ဆုတောင်းတွေကို ယုံကြည်တယ်ဟုတ်။ ယုံကြည်ရမယ်နော်။ ရင်ထဲကလာတဲ့ နက်နက်ရှိုင်းရှိုင်း ဆုတောင်းသံတွေဟာ စကြာဝဠာတစ်ခုလုံးဆီကို ပဲ့တင်ထပ်နိုင်တယ်။ ကြယ်တွေဟာလည်း အတူတူပဲ။ သူတို့ကို ယုံယုံကြည်ကြည် ဆုတောင်းတဲ့အခါ ကံကောင်းမှုတွေ၊ ဆုတောင်းတွေ ပြန်ဖြည့်ပေးတတ်ကြတယ်။ မိန်းကလေးလည်း ယုံယုံကြည်ကြည် ဆုတောင်းမှု ပြုနော်။ ကျုပ် သွားဦးမယ်"

ပတ်ဝန်းကျင်တစ်ခုလုံး လင်းခနဲ ဖြာထွက်သွားတဲ့ အလင်းရောင်တစ်ခုကြောင့် မျက်စိတွေ ကျိန်းစပ်သွားတာနဲ့ ကျွန်မမျက်စိကို အလျင်အမြန် ပိတ်လိုက်မိတယ်။ ကျွန်မ မျက်စိတွေ ပြန်ပွင့်လာတော့ ကျွန်မ ဘေးမှာ အဘိုးအိုလည်း မရှိတော့ပါဘူး။ သူပြန်သွားပြီ ထင်ပါတယ်။

ကျွန်မလည်း အိပ်မက်လိုလို၊ လက်တွေ့လိုလိုနဲ့ ဝေခွဲမရ ဖြစ်နေတယ်။ ကျွန်မ အိပ်ပျော်နေခဲ့တာလည်း မဟုတ်တော့ အိပ်မက်တော့ ဖြစ်ဟန်မတူပါ။ ညကလည်း အတော်ကို နက်နေတာ မိုးလင်းအာရုံချိန်လောက်တောင် ရောက်တော့မယ် ထင်တယ်။ ကောင်းကင်ပေါ်ကို မော့ကြည့်လိုက်တော့ ကြယ်ကလေးက နဂိုနေရာလေးမှာပဲ တောက်ပနေတုန်းပဲ။

ကျွန်မ စိတ်ကလည်းက ညဦးအချိန်တုန်းကနဲ့ မတူတော့ဘဲ အေးချမ်းစွာနဲ့ ရှိနေပါတယ်။

အပြင်မှာ ထွက်ထိုင်နေတာ နာရီလည်း တော်တော်ကြာနေတာက တစ်ကြောင်း၊ အင်္ကျီဆွယ်တာ အပါးလေးနဲ့မို့ ချမ်းလာတာက တစ်ကြောင်း ကျွန်မ အိမ်ထဲပြန်ဝင်မှ ရတော့မယ်။

အိမ်ထဲပြန်မဝင်ခင် အဘိုးအိုရဲ့ စကားကို နားထဲ ပြန်ကြားယောင်မိတယ်။ ဟုတ်တယ်။ ဆုတောင်းတွေအကြောင်း...

အိမ်ထဲပြန်မဝင်ခင် ကောင်းကင်ပေါ်ကို နောက်ထပ် တစ်ခါ

mgyoe.com

mgyoe.com SAMPLE BOOK

မော့ကြည့်လိုက်တယ်။ ကြယ်ကလေးကို ပြုံးပြနှုတ်ဆက်လိုက်ပြီး ဆုတောင်းတစ်ခု ပြုလိုက်တယ်။

"ကြယ်ကလေးရေ... ငါ နင့်ကိုအမြဲတမ်း မြတ်နိုးစွာနဲ့ အဝေးကလှမ်းကြည့်နေခဲ့တာတွေ သိတယ်မှတ်လား။ ငါ့ရဲ့ ချစ်ခြင်းမေတ္တာကိုလည်း ခံစားရတယ် မဟုတ်လား။ အဲ့ဒါကြောင့် ငါ တခြားဟာတွေ ဆုမတောင်းချင်ပါဘူး။ ကောင်းကင်ထက်မှာ အမြဲတမ်း တောက်ပနေပေးနော်။ ပျော်ရွှင်စွာနဲ့ ရှိနေပေးနော်။ သက်တမ်းကုန်လို့ ကြယ်ကြွေတဲ့အချိန်ကျရင်တော့ ငါ့ဆီကိုပဲ ကြွေကျ သက်ဆင်းလာခဲ့ပေးပါလား။ ငါကြယ်ကလေးကို တယုတယ ထွေးပွေ့ချင်သေးလို့ ငါရှိတဲ့ အရပ်ကိုပဲ သက်ဆင်းလာခဲ့ပေးနော်" လို့ ဆုတောင်းလိုက်တယ်။

ကြယ်ကလေးကို ထပ်ပြီး ပြုံးပြလိုက်တယ်။

ကြယ်ကလေးကလည်း ကျွန်မကို ပြန်ပြီး ပြုံးပြနေတယ် ထင်ပါတယ်။

တောက်ပနေလိုက်တာများ

အလင်းလက်ဆုံး...

အလှပဆုံး...

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ၃

—

တစ်စုံတစ်ယောက်ကို အမှန်တကယ် ချစ်မြတ်နိုးမိသွားတဲ့အခါ
ကိုယ့်အရေးထက် သူ့အရေးကိုပဲ ပိုပြီး ဦးစားပေးချင်လာတာ။

ကိုယ့်ဒုက္ခရာထက် သူ့ဒုက္ခရာကိုပဲ ကုစားပေးလိုလာတာ။
"ငါ" ဆိုတဲ့ အရာကို ရှေ့တန်းမတင်မိခင်မှာ
"သူ" ဆိုတဲ့ အရာတွေကိုပဲ အရင်ပြေးပြီး စဉ်းစားမိလာတာ။

"ချစ်တယ်" ဆိုတာ "ပန်း" ပေးတာပဲလေ ကိုကိုရဲ့။
ပန်းပေးတယ်ဆိုတာ သိတယ်မလား။ အရှုံးပေးတာလေ။
အဲ့ဒီတော့ ချစ်တယ်ဆိုတာ "ပန်း" ပေးတာပါပဲ။

အနိုင်မယူရက်တဲ့အတွက် အရှုံးပေးပါတယ်။
လောကကြီးရဲ့ သာယာလှပမှုတွေ၊

mgyoe.com

mgyoe.com SAMPLE BOOK

ပျော်ရွှင်နွေးထွေးမှုတွေ၊ ချစ်ခြင်းမေတ္တာတွေကို
ကိုယ်စားပြုတဲ့ ပန်းအစစ်တွေကိုလည်း ပေးချင်သေးတယ်။

တကယ့်ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်ရတဲ့
ဒီအမျိုးသားလေးအတွက်
ဘဝရဲ့ အကောင်းဆုံးသောဆိုတဲ့ အရာတွေကိုပဲ
ရရှိအောင် ယူဆောင်ပေးချင်ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com





mgyoe.com